ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

(Village Development Project)

နမ့်ပေါင်ကျေးရွာအုပ်စု၊ ကုန်းပေါင်းကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကုန်းပေါင်းရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ကုန်းပေါင်းကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်	၆
	ကုန်းပေါင်းကျေးရွာရာသီခွင်ပြပြက္ခဒိန်၊လားရှိုးမြို့နယ်	၇
	ကုန်းပေါင်းကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၃
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၄
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၇
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	၁၈
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၈
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၈
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၉
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၁

	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၂၃
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၄
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၈၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ခုနှစ်အထိ(၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု အများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေ ဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုး တက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍

နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါ သည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည် ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ကုန်းပေါင်းကျေးရွာ

လားရှိုးမြို့နယ်


ကုန်းပေါင်းကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်



ကုန်းပေါင်းကျေးရွာရာသီခွင်ပြပြကွဒိန်၊လား:ရှိုးမြို့နယ်



ကုန်းပေါင်းကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံလာ:ရှိးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကုန်းပေါင်းကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်တွင် တည်ရှိပါသည်။ လားရှိုးမြို့နှင့် (၂၈)ခန့်ကွာဝေး၍ နမ့်ပေါင်အုပ်စုတွင်ပါဝင်ပြီး နမ့်ပေါင်နှင့် (၃)မိုင် ကွာဝေးပါသည်။ နောင်လိုင်သို့သွားသည့် ကားလမ်းဘေးဝဲယာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်ကျေးရွာမှ တောင်သူများပိုင်ဆိုင်သော ပြောင်းခြံ၊ ရောဘာခြံ၊ သရက်ခြံများရှိပြီး အနောက်ဘက်တွင် ကျောက်မီးသွေးတွင်း၊ လိမ္မော်ခြံ၊ ကဗွလာခြံ၊နမ့်ပေါင်ချောင်းတည်ရှိပါသည်။ မြောက်ဘက်တွင် မိုးရေလှောင်ကန်၊ ချောင်းရေငယ်၊ အသေးစားရေအားလျှပ်စစ်ရှိပြီး တောင်ဘက်တွင်လက်ဖက်ခင်းနှင့်ဝါးခြံတို့ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ (၇၂)ဧကနှင့်ယာမြေ/ တောင်ယာမြေ(၄၄၀.၅) ဧကဥယျာဉ်ခြံမြေ (၁၁၉.၅)ဧက၊ ကိုင်းကျွန်းမြေ(၅)ဧက စုစုပေါင်း (၆၃၇)ဧကရှိပါသည်။ ကျေးရွာတွင် ကျောက်မီးသွေးတွင်း ရှိပါသည်။ ကျောက်မီးသွေးတူးဖော်ရာတွင် လယ်မြေများ ပျက်စီးခြင်း၊ မြေစာများမှာ လယ်များအတွင်းသို့စီးဆင်းပြီး ပျက်စီးသဖြင့် အသုံးမပြုကြပါ။ ကျေးရွာတွင်ဆေးဘက်ဝင်အပင်များလည်းအနည်းငယ်ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့် အတင့်ကောင်းမွန်ပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေးဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ကုန်းပေါင်းကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စုမှာ (၇၁)အိမ် ရှိပါသည်။ လူဦးရေမှာ ကျား(၁၆၅)ယောက်၊ မ(၁၈၁)ယောက် စုစုပေါင်း(၃၄၆)ယောက်ရှိပါသည်။ နို့စို့အရွယ် ကလေးကျား (၁)ယောက်၊ မ(၁)ယောက်၊ (၅)နှစ်အောက်ကလေးငယ်မှာ ကျား(၁၀)ယောက်၊ မ(၁၀)ယောက်၊ မူလတန်းကျောင်းသားအရွယ်ကျား(၁၀)ယောက်၊ မ(၁၅)ယောက် အလယ်တန်း ကျောင်းသားအရွယ် ကျား(၁၅)ယောက်၊ မ(၁၄)ယောက်၊ အလုပ်လုပ်နိုင်သည်အရွယ်မှာ ကျား

(၁၁၈)ယောက်၊ မ(၁၂၅)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၁၁)ယောက်၊ မ(၁၆) ယောက် ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ ဝိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာတွင် ပြောင်းကို အဓိကစိုက်ပျိုးကြပြီး စပါး၊ ပန်းနှမ်း၊ ပဲပုတ်၊ လက်ဖက်၊ ကမ္မလာသီး၊ လိမ္မော်သီးများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။ လက်လီလက်ကား (၂)ဦး၊ ဆိုင်ကယ်ပြင်(၁)ဦးနှင့် လက်သမား(၁)ဦး ၊ ကျန်းမာရေးစေတနာဝန်ထမ်း(၁)ဦး ရှိပါသည်။ ကျေးရွာသည် များသောအားဖြင့် အိမ်ထောင်စု တစ်စုနှင့်တစ်စုလုပ်အားဖြင့် ကူညီပံ့ပိုးကြပါသည်။

အမျိုးသားများသည် အမျိုးသမီးများထက် အင်အားပိုမိုစိုက်ထုတ်ရသော လုပ်ငန်းများ ဖြစ်သည့် စပါးပုံခြင်း၊ စပါးသယ်ခြင်း၊ ပြောင်းအိတ်မခြင်း၊ ကမ္မလာခူးခြင်းနှင့် အမြင့်တက်ခြင်း များတွင် နေ့စားလုပ်အားခ ၄၀၀၀ မှ ၅၀၀၀ထိ ရရှိပါသည်။အခြားအချိန်များတွင်ပုံမှန်နေ့စား လုပ်အားခနှုန်းထား(၃၀၀၀)ကျပ်သာ ရရှိပါသည်။ ကောက်စိုက်ရာတွင် တစ်ဧက (၄၀၀၀၀)ကျပ် ဖြင့် ပုတ်ပြတ်စိုက်ပျိုးရပါသည်။ ပြောင်းစိုက်ပျိုးရာတွင် လုပ်အားကူအနေဖြင့်သာ စိုက်ပျိုးကြ ပါသည်။ လက်သမားပန်းရံ လုပ်ကိုင်သူများသည် နေ့စားလုပ်အားခအများဆုံး(၁၀၀၀၀)မှ အနည်းဆုံး(၈၀၀၀)ကျပ် ရရှိပါသည်။ ကျေးရွာတွင် ပန်းရံလက်သမားလုပ်ငန်းများတွင် ဝိုင်းလုပ်ဝိုင်းစားသဘောဖြစ်သာ လုပ်ကိုင်ကြပြီး လုပ်အားခနှုန်းထား သတ်မှတ်ခြင်းမရှိပါ။ လုပ်အားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သူ နည်းပါ သည်။ အသိမ်းခံရသော ယာမြေပိုင်ရှင်များမှာ စိုက်ပျိုး မြေနည်းခြင်းများဖြစ်ပေါ်နေပါသည်။

ကျေးရွာတွင် ပေါင်းသတ်ဆေးများ အဆမတန်သုံးစွဲခြင်းကြောင့်မြေကြီးမှာ မြေဆီများ ခမ်းခြောက်လာပြီး မြေဩဇာသုံးစွဲမှုသာ သီးနှံအထွက်နှုန်းတိုးပါသည်။ မိသားစုဝင်ဦးရေ တိုးလာသဖြင့် အိမ်ယာများချဲ့ထွင်လာခြင်းကြောင့် စိုက်ပျိုးမြေများ လုံလောက်မှုမရှိတော့ပါ။ ထို့ပြင် မန်ပန်ပြည်သူစစ်အဖွဲ့မှ မြေဧက(၁၀၀၀)ကျော်အား သိမ်းယူပြီး ရော်ဘာစိုက်ခင်း၊ ပြောင်း စိုက်ခင်း၊ သရက်ခင်းများ စိုက်ပျိုးထားပါသည်။

ရွာ၏အနောက်ဘက်တွင် ကျောက်မီးသွေးအနည်းငယ် ရှိပါသည်။ ကျောက်မီးသွေးတွင်း သည် နက်ရှိုင်းစွာတူးဖော်ရခြင်းကြောင့် လယ်ကွက်များသို့ စီးဆင်းသောရေသည် ယင်းတွင်း ထဲသို့ ရောက်ရှိသွားသောကြောင့် လယ်များရေလုံလောက်မှု မရှိတော့ပ။ ယခုအချိန်တွင် အသုံး ပြုခွင့်မပေးတော့ပါ၊ ထို့ပြင် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက ရွာမှ လူနေအိမ်များ လယ်ယာမြေများနှင့် ရွာသူရွာသားများ ထိခိုက်ပျက်စီးနိုင်သောကြောင့် ရပ်ရွာမှ ရပ်မိရပ်ဖများမှ အသုံးပြုခွင့်မပေးပဲကန့်သတ်ထားပါသည်။ သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များကို အနည်းငယ်တွေ့ရှိရပါသည်။

ကွန်တော်တို့ ကုန်းပေါင်းကျေးရွာ၏ (၈.၂၂%)မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု(၁၃.၇%) သည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု(၁၆.၄၄%) ရှိသော တောင်သူငယ်များသည် လယ်ယာမြေလုံလောက်မှုရှိပြီး၊ မြေပိုင်ဆိုင်မှု(၃၆.၉၈%)ရှိသော တောင်သူလတ်များသည် လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ တောင်သူကြီးများသည် လယ်မြေများစွာ ပိုင်ဆိုင်ပြီး မြေပိုင်ဆိုင်မှု(၂၄.၆၆%) ရှိပါသည်။

ဥစ္စာဓနအဆင့်ခွဲခြားခြင်းသည် ကျေးရွာမှ ကျေးရွာဓလေ့အတိုင်း ခွဲခြားထားသည့် အိမ်ခြေစာရင်း ဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၂၈.၇၇%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုက (၄၃.၈၃%)၊ မပြေလည်သောအိမ်ထောင်စု (၂၀.၅၅%)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၆.၈၅%)ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၁၂) ဧကနှင့် အထက်ရှိခြင်း၊ တိုက်အိမ်များ၊ ကားများ၊ လယ်ယာသုံးပစ္စည်းကိရိယာများဖြစ်သော လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၅)ဧကအထက်ရှိခြင်း၊ သွပ်မိုးထရံကာအုတ်ခုံအိမ်များ၊ ထော်လာကျီများ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှု (၂)ဧကအထက်ရှိခြင်း၊ သွပ်မိုးမြေစိုက်ထရံကာအိမ်၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သောအိမ်ထောင် စုသည် မြေယာပိုင်ဆိုင်မှု (၂)ဧကအောက်ရှိခြင်းနှင့် မြေပိုင်ဆိုင်မှု မရှိပါ။ သက်ကယ်မိုးဝါးထရံကာအိမ်များဖြင့် နေထိုင်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု။

ကျွန်တော်တို့ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စု(၂)အိမ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ လုံခြုံမှုနည်းပါးပြီး အလုပ်လုပ်ရာမှာလည်း အမျိုးသားဦးဆောင်သောအိမ်ထောင်စုလို မလုပ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စုမှာ အလုပ်ကြမ်းများ လုပ်ကိုင်နိုင်သော်လည်း အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများကဲ့သို့ ဟင်းသီးဟင်းရွက်စိုက်ပြီး စျေးပတ်ရောင်းခြင်းကြောင့် အခက်အခဲရှိပါသည်။ ထို့ပြင်ကျေးရွာတွင် လူဦးရေတိုးလာခြင်းကြောင့် လူနေကွက်များချဲ့ထွင်လာခြင်း၊ မန်ပန်ပြည်သူ့ စစ်မှ စိုက်ပျိုးမြေများ တိုးချဲ့သိမ်းယူခြင်းကြောင့် လုပ်ကိုင်စားသောက်ရန် လယ်/ယာမြေ နည်းပါးလာပါသည်။ ပေါင်းသတ်ဆေးများ စနစ်တကျမသုံးစွဲနိုင်ခြင်းကြောင့် မြေဆီလွှာများ တဖြည်းဖြည်းပျက်ဆီးလာပါသည်။။ ထို့ကြောင့် စိုက်ပျိုးလုပ်ကိုင်နေသော မြေများသည် မြေဩဇာထည့်သွင်းခြင်းမရှိပါက အထွက်နှုန်းမှာလည်း လျော့နည်းခြင်းဖြစ်ပေါ်လာပါသည်။

ကုန်းပေါင်းကျေးရွာတွင် ဆက်သွယ်ရေးလိုင်းမှာခက်ခဲပြီး အရေးပေါ်အခြေအနေများမှာ တစ်ခြားရွာများသို့ သွားရောက်ဆက်သွယ်ရပါသည်။

လမ်းပန်းဆက်သွယ်ရေးမှာ ရွာမှအခြားရွာများသို့ သွားရောက်သည့် ရွာခြင်းဆက်လမ်းများနှင့် ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသဖြင့် မိုးရာသီတွင် ရွံ့နွံများ ပေါများခြင်း၊ ချိုင့်ခွက်များ ပေါများခြင်း၊ ရေမြောင်းများဖြစ်ပေါ်ခြင်းများကြောင့် သွားလာဖို့အတွက် အလွန်ခက်ခဲပါသည်။ ပြည်တွင်းပဋိပက္ခမှာ ပြည်တွင်းငြိမ်းချမ်းရေးမရှိခြင်းနှင့် အဖွဲ့အစည်းနယ်မြေသတ်မှတ်မှုမလိုက်နာခြင်းများကြောင့် ပြည်တွင်းပဋိပက္ခများ အချိန်မရွေးဖြစ်နိုင်ပါသည်။

လူငယ်နှင့်ဆေးစွဲသူများမှာ မူးယစ်ဆေးဝါးများပေါများလာသောကြောင့် ၎င်းမူးယစ်ဆေးဝါးသုံးစွဲသူတော့ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများသည် မိသားစုများ၍ လုပ်ကိုင်သူနည်းသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ဆင်းရဲသားတောင်သူများသည် လုပ်ကိုင်စားသောက်ရန် မြေယာမရှိ၍ တစ်နေ့လုပ်တစ်နေ့စား ၊ ကြုံရာအလုပ်လုပ်များကို လုပ်ကိုင်ရသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ငါးကန်ပိုင်ရှင်များသည် ငါးအဆိပ်ကျွေးသူများ၊ ငါးရှော့တိုက်သူများကြောင့် ထိခိုက်လွယ်မှုများ ရှိနိုင်ပါသည်။ ရာသီဥတုအပြောင်းအလဲများ၊ ကျန်းမာရေးဗဟုသုတမရှိခြင်းကြောင့် ကူးစက်ရောဂါများ ခံရနိုင်မှုများရှိနိုင်ပါသည်။ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် ဆေးစွဲသူများ၏ ထိခိုက်လွယ်မှုမြင့်ပါသည်။ စျေးရောင်းသူများသည် တစ်ရွာမှတစ်ရွာသို့ လှည့်လည်စျေးရောင်းရသောကြောင့် မတော်တဆမှုများ၊ လုယက်မှုများ၊ ခိုးမှုများ ကြုံတွေ့နိုင်သောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် ကျေးရွာမှ တစ်ခြားဒေသသို့ သွားရောက်လုပ်ကိုင်ရာတွင် ခေါင်းပုံဖြတ်ခံရနိုင်ခြင်း၊ လုံခြုံမှုမရှိခြင်း၊ အသိမိတ်ဆွေမရှိခြင်းတို့ကြောင့် ထိခိုက်လွယ်မှုများရှိနိုင်ပါသည်။ ကားဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများမှာ ကားမတော်တဆဖြစ်ခြင်း၊ လုယက်မှုများ ခံရနိုင်ခြင်းကြောင့် ထိခိုက်လွယ်မှုများရှိနိုင်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိအဖွဲ့များသည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ရွာလုံးကျွတ်ဝိုင်းဝန်းကူညီပေးခြင်း၊ ချက်ပြုတ်လုပ်ကိုင်ပေးခြင်း လုပ်ဆောင်ခြင်းများရှိ၍ ကောင်းမွန်ပါ သည်။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှဦးဆောင်ပြီး နိုင်ငံတော်ထောက်ပံ့ငွေအား ကျေးရွာအတွင်းချေးယူစေပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် စာသင်ကျောင်းများ ပျက်ဆီးသည်များကို ပြုပြင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆရာဆရာမများ နေထိုင်စားသောက်ရေးအတွက် ဆန်နှင့်

မီးသွေးများပံ့ပိုးပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့သည် သီတင်းကျွတ်၊ တန်ဆောင်တိုင်လများနှင့် ရှမ်းနှစ်သစ်ကူးပွဲတော်(နတ်တော်လ)များတွင် ရှမ်းအကများကို နီးစပ်ရာရွာများတွင် လိုက်လံဖျော်ဖြေကြပါသည်။ ချစ်မေတ္တာဖောင်ဒေးရှင်းမှ ၂၀၁၄-၂၀၁၅ခုဘဏ္ဍာနှစ်တွင် စိမ့်စမ်းရေသွယ်ယူရန်အတွက် ရေပိုက်၊ ရေကန်များတည် ဆောက်ပေးခဲ့ပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာ၏အဓိကသီးနှံများမှာ စပါး၊ ပြောင်း၊ လက်ဘက်၊ ကမ္မလာ၊ ပဲပုတ် နှင့်ပန်းနှမ်း များစိုက်ပျိုးကြပါသည်။ ပြောင်းသည် အဓိကဝင်ငွေရသီးနှံဖြစ်ပြီး ကျန်သီးနှံများသည် စားသုံးရန်အတွက်သာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။

ကျေးရွာ၏မြောက်ဘက်နှင့် တောင်ဘက်တွင် စိမ့်စမ်းရေထွက်များရှိပါသည်။ မြောက်ဘက်ရှိ စိမ့်စမ်းရေထွက်ကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပါသည်။ ရေထွက်ရှိရာ သစ်တောကို ထိန်းသိမ်းထားရှိပြီးလိမ့်မ်၊ ကမ္မလာပင်များ ရေသွင်းရာတွင် အသုံးပြုကြပါသည်။

စပါးစိုက်ပျိုးသည့်ကာလသည် (၇)လမှ (၁၁)လအထိဖြစ်ပြီး ဒေသမျိုးများကို စိုက်ပျိုးကြပါသည်။ ပြောင်းစိုက်ပျိုးသည့်ကာလမှာ (၄)လပိုင်း စတင်စိုက်ပျိုးပြီး (၁၀)လပိုင်းတွင် ပြောင်းချိုးခြင်းကို အပြီးသတ်သည်။ ပြောင်းစိုက်ပျိုးရန် အရင်းအနှီးများစွာလိုပါသည်။ ပြောင်းစိုက်ပျိုးရန် လိုအပ်သောမျိုး၊ မြေဩဇာစသည်တို့ကို နောင်ပန်စျေးတွင် ဝယ်ယူရရှိနိုပါသည်။ ပြောင်းစျေးအတက်အကျသည် တရုတ်စျေးကွက်ပေါ်တွင်မူတည်နေပြီး အမြတ်ရရှိမှုသည်လည်း ပြောင်းစျေးအတက်အကျပေါ်တွင် မူတည်နေပါသည်။ ထို့ပြင်နယ်မြေလုံခြုံမှု မရှိသည့်အချိန်တွင် စျေးကောင်းမရ၍ အမြတ်ရရှိမှုနည်းပါသည်။ ပြောင်း၊ စပါးစိုက်ပျိုးချိန်တွင် တစ်ချို့မှာ အရင်းအနှီးမလုံလောက်သဖြင့် ပွဲစားများထံမှ အတိုးနှုန်းမြင့်မားစွာ ချေးယူခြင်း၊ မျိုးစေ့များ အကြွေးဖြင့်ဝယ်ယူပြီး သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သီးနှံဖြင့် ပြန်လည်ပေးဆပ်ရသောကြောင့် အမြတ်ကို အသင့်အတင့်သာ ရရှိပါသည်။ ကမ္မလာနှင့် လက်ဘက်သည် ဘိုးဘွားများစိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ ကမ္မလာပင်များကို ကိုင်းဖြတ်၍ စိုက်ပျိုးကြသော်လည်း လက်ဘက်ကို နေရာအခက်အခဲကြောင့် ထပ်မံစိုက်ပျိုးခြင်း မရှိကြပါ။ လက်ဘက်ခူးရာတွင် ထက်ဝက်စားစနစ်ဖြင့် ကျေးရွာတွင်းရှိ ရွာသူရွာသားများဖြင့်ပင် လက်ဘက်ရွက်များကို ခူးကြပါသည်။ ကျေးရွာ၌ပင် ရှေးရိုးရာနည်းဖြင့် လက်ဘက်ခြောက်များ ပြုလုပ်ရောင်းချကြပါသည်။ လက်ဘက်ခူးပြီးနောက် လက်ဘက်ပင်များကို နှစ်စဉ် ၃ ပေခွဲခန့်အမြင့်ထားပြီး ကိုင်းဖြတ်ကြပါသည်။ လက်ဘက်ပေါ်ချိန်

တွင် ဈေးနှုန်းမှာကျဆင်းပြီး အထွက်နည်းချိန်တွင် ဈေးကောင်းရကြသည်မှာ ဓမ္မတာဖြစ်ပါသည်။ ကမ္ဘလာသီးများကို နောင်ပန်ဈေးနှင့် လာရှိုးဈေးခွင်ပင် ရောင်းချကြပါသည်။

ကုန်းပေါင်းရွာတွင် လက်တွန်းထွန်စက်ဖြင့် မြေယာများ ထယ်ထိုးခြင်း၊ မြက်ရိတ်စက်ဖြင့် မြက်များရှင်းလင်းမှုများအသုံးပြုကြပါသည်။ ထွန်စက်ကြီးများကို စက်မှုလယ်ယာဦးစီးဌာနမှ တစ်ဇကေလျှင် ၃၀၀၀၀ကျပ် ဖြင့် ငှားရမ်းသုံးစွဲကြပါသည်။

သဘာဝရာသီဥတုအနေအထားမှာ တောင်ကုန်းနှင့်မြေပြန့်ရောစပ်တည်ရှိနေပြီး စိုက်ပျိုးရေးလုပ်ကိုင်ရန်အလွန်သင့်တော်ပါသည်။ လယ်ယာမြေများတွင် စပါးပြီး ပဲပုတ်ကို စိုက်ပျိုးကြပါသည်။ တောင်ကုန်းမြေပြန့်များတွင် ပန်းနှမ်းနှင့်ပြောင်းများ စိုက်ပျိုးကြပါသည်။ ဥယျဉ်ခြံများတွင် ကမ္ဘလာသီး၊ လိမ္မော်နှင့် လက်ဖက်ပင်များကို စိုက်ပျိုးကြပါသည်။ စိုက်ပျိုးနိုင်သည့် မြေယာများအားလုံးတွင် စိုက်ပျိုးကြပါသည်။စိုက်ပျိုးရေးကို စိမ့်စမ်းရေမှ ရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်မှုမရှိပါ။ မြစိမ်းရောင်စီမံကိန်းမှ ချေးငွေချေးပြီး (၆)လမှ တစ်ကြိမ်(၁၂)လမှ တစ်ကြိမ် ချေးယူရသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိရန်အတွက် ပုံစံ(၇)ရရှိရန် ဆောင်ရွက်နေကြပါသည်။ ထို့ကြောင့် ချေးငွေများကို ကုန်သည်ပွဲစားများ၊ တရုတ်သူဌေးများထံမှ အတိုးနှုန်းများများဖြင့် ချေးယူရ ပါသည်။

တရုတ်မျိုးစေ့နှင့် ထိုင်းမျိုးစေ့ကို နမ့်ပေါင်ဈေးနှင့် လားရှိုးဈေးတွင် ဝယ်ယူရရှိနိုင်ပါ သည်။ ကျေးရွာမှရရှိသော ကြက်ချေးနှင့် ကျွဲချေးအနည်းငယ်ကို မြေယာများတွင် ထည့်သွင်း နိုင်ပြီး ခါတ်မြေဩဇာများကိုသာ အလွယ်တကူဝယ်ယူသုံးစွဲကြပါသည်။ ပိုးသတ်ဆေးများ သုံးစွဲခြင်းမရှိဘဲ ပေါင်းသတ်ဆေးများကိုသာ ဝယ်ယူသုံးစွဲကြပါသည်။ ပေါင်းသတ်ဆေးများကို နှီးစပ်ရာ ဆေးဆိုင်များနှင့် တောင်သူအချင်းချင်း မေးမြန်း၍ ဝယ်ယူသုံးစွဲကြရပါသည်။ ထွက်ရှိလာသည့် သီးနှံများကို နောင်ပေါင်ဈေးနှင့် လားရှိုးဈေးများတွင် ရောင်းချနိုင်ပါသည်။

မန်ပန်ပြည်သူစစ်အဖွဲ့မှ မြေကေ(၁၀၀၀)ကျော်အား သိမ်းယူပြီး ရော်ဘာစိုက်ခင်း၊ ပြောင်းစိုက်ခင်း၊သရက်ခင်းများ စိုက်ပျိုးထားပါသည်။ အသိမ်းခံရသောယာမြေပိုင်ရှင်များမှာ လုပ်ကိုင်စားသောက်ရသည့် မြေများ နည်းပါးသွားပါသည်။ သို့အတွက် စိုက်ပျိုးရန်မြေမရှိသောကြောင့် တချို့လူငယ်များသည် တရုတ်နိုင်ငံ နှင့် ထိုင်းနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကြရပါသည်။ စိုက်ပျိုးရေးကို စိမ့်စမ်းရေမှရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်မှုမရှိပါ။ မြစိမ်းရောင်ချေးငွေကိုရရှိသော်လည်း လိုအပ်သောအချိန်တွင် မရသကဲ့သို့ လုံလောက်သော ချေးငွေ မရရှိကြပါ။ စိုက်ပျိုးမြေများသည် ပုံစံ(၇)လျောက်ထားသောလည်း စိုက်ပျိုးရေးဘဏ်မှ ပုံစံ(၇)မရရှိကြပါ။ လိုအပ်ပါက ကုန်သည်ပွဲစားများ၊ တရုတ်သူဌေးများထံမှ အတိုးနှုန်းများများဖြင့် ချေးယူရ ပါသည်။ သီးနှံပေါ်ချိန်တွင် ၎င်းတို့ထံ သီးနှံများကို ရောင်းချ၍ ပြန်လည်ပေးဆပ်ကြရပါသည်။

လက်ဘက်ပင်များကို စနစ်တကျ ပြုစုခြင်းမလုပ်နိုင်ကြပါ။ ကိုင်းဖြတ်ရာတွင်လည်း ၃ ပေခွဲချန်၍ တတိတည်းဖြတ်ချကြပါသည်။ အပင်ရှင်းခြင်းများ မပြုလုပ်ကြပါ။

ကျေးရွာတွင် စားကျက်မြေရှားပါး၍ ကျွဲ၊ နွားများ စီးပွားဖြစ်မွေးမြူနိုင်သောကြောင့် သဘာဝမြေဆွေးများကို အခြားရွာများမှ ဝယ်ယူသုံးစွဲမှုများလည်းရှိပါသည်။ခါတ်မြေဩဇာများ စနစ်တကျ မသုံးစွဲနိုင်ခြင်းကြောင့် မြေသားများတဖြည်းဖြည်း ပျက်ဆီးလာပါသည်။ နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများလည်း မရပါ။ ရှေးရိုးစွဲစိုက်ပျိုးသည့်ဓလေ့ကိုသာ လက်ကိုင်သုံးစွဲပြီး စိုက်ပျိုးကြပါသည်။ သီးနှံပေါ်ချိန်ပေါ်မူတည်၍ ဈေးနှုန်းကွာခြားကြပါသည်။ နယ်မြေလုံခြုံမှုမရှိသည့်အချိန်တွင် သီးနှံများအား သွားရောက်မရောင်းချနိုင်ကြပါ။ ရသည့် ဈေးနှုန်းဖြင့်ပင် ရောင်းချရခြင်းကြောင့် ဈေးနှုန်းမှန်ကန်စွာမရောင်းချနိုင်၍ အမြတ်ရရှိမှု နည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကုန်းပေါင်းကျေးရွာတွင် စိုက်ပျိုးရာသီပြီးချိန်မှ နွား၊ ကျွဲ များကို လယ်ကွင်းများတွင် လွှတ်၍ ထိန်းကျောင်းကြပါသည်။ နွားများကို ထွန်ယက်စိုက်ပျိုးရန် အသုံးမပြုကြဘဲ ထွက်ကုန်များ သယ်ယူရန် နှင့် ပြန်လည်ရောင်းချရန် အတွက်သာ အသုံးပြုကြပါသည်။ ခြံများမှ ကျေးရွာသို့ နွားလှည်းများဖြင့်သယ်ယူရာတွင် ကမ္ဘလာ (၁၀)ပိသာလျှင် ၃၀၀ကျပ်၊ နမ့်ပေါင်သို့ ၆၀၀ကျပ် ပေးရပါသည်။ စပါးသယ်ယူရာတွင် လုပ်အားဖြင့်သာ ကူညီကြပါသည်။ နွားများကို ၂-၃ နှစ်သားအရွယ်တွင် နမ့်ပေါင်ဈေးမှ ဝယ်ယူမွေးမြူကြပါသည်၊ (၃)နှစ်ခန့် မွေးမြူပြီးလျှင် ကျေးရွာသို့ လာရောက်ဝယ်ယူသည့် ပွဲစားများကိုလည်းကောင်း၊ နမ့်ပေါင်ဈေးတွင်လည်းကောင်း ရောင်းချကြပါသည်။ ဘဲ နှင့် ကြက်များလည်း မွေးမြူကြပါသည်။

မွေးမြူရေးလုပ်ကိုင်ရန် လိုအပ်သောရေကို စိမ့်စမ်းရေမှ ရရှိနိုင်ပါသည်။ မွေးမြူရေး အစာအဖြစ် ပြောင်းရိုးများကို ရရှိနိုင်ပါသည်။ လိုအပ်သောဖွဲစကွဲများကိုလည်း နမ့်ပေါင်ဈေးတွင် ဝယ်ယူနိုင်ပါသည်။ တိရစ္ဆာန်များကို နမ့်ပေါင်ဈေးတွင် ဝယ်ယူနိုင်သကဲ့သို့ ပြန်လည်ရောင်းချ နိုင်ပါသည်။ ကျွဲနွားများကို ခိုင်းစေရန်နှင့် ပြန်လည်ရောင်းချရန် မွေးမြူကြပါသည်။ နွားပေါက် ကလေးများကို ဝယ်ယူကာ(၃)နှစ်ခန့်မွေးမြူပြီး ပြန်လည်ရောင်းချကြပါသည်။ နမ့်ပေါင်ဈေး သည် နွားဈေးကွက်ဖြစ်ပြီး ယင်းမှတဆင့် တရုတ်ပြည်သို့ ပြန်လည်ရောင်းချကြပါသည်။

ကုန်းပေါင်းကျေးရွာတွင် ကျွဲနွားများကို တိုးချဲ့မွေးမြူလိုသော်လည်း လွှတ်ကျောင်းရန် စားကျက်မရှိခြင်း၊ ရော်ဘာခင်းများတွင် လွှတ်ကျောင်းခွင့်မပြုခြင်းနှင့် အရင်းအနှီးနည်းပါးခြင်း ကြောင့် မမွေးမြူနိုင်ကြပါ။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းဖြင့် လည်ပတ်နေသောကြောင့်

ဝက်စာကြိုရန်၊ ဝက်စာကျွေးရန် နှင့်ဝက်စာရှိဖွေရန် အချိန်မပေးနိုင်ခြင်းကြောင့် ဝက်များ မမွေးမြူးနိုင်ကြပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများအဖြစ် လက်သမား၊ ပန်းရံလုပ်ခြင်း၊ ဆိုင်ကယ်ပြင်ခြင်း၊ ဈေးရောင်းခြင်းလုပ်ငန်း များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ထို့ပြင် ယခင်ကသက်ကယ်ပြစ်ပြီး အခြား ကျေးရွာများသို့ ရောင်းချကြပါသည်။ ယခုအခါ သက်ကယ်အစား ရေရှည်ခံသော သွပ်မိုးများ၊ အကာများကို အသုံးပြုလာခြင်းကြောင့် ကျေးရွာရှိ အိမ်များသုံးစွဲရန်အတွက်သာ ပြုလုပ် သုံးစွဲကြပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်ချေးငွေများမှာလည်း လိုအပ်သည့် အချိန်တွင် အလွယ်တကူမရနိုင်ပါ။ သို့သော် လုပ်ငန်းကျွမ်းကျင်တက်မြောက်မှု အားနည်း ပါသည်။ စိုက်ပျိုးပြီးချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းများရှားပါးသောကြောင့် ပြင်ပသို့သွား ရောက်လုပ်ကိုင်ကြရပါသည်။ အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိပါ။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာတွင် ရွှေ့ပြောင်းသွားလာသော အိမ်ထောင်စု (၂၃)အိမ် ရှိပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူအများစုသည် လယ်ယာမဲ့၊ လယ်ယာမြေ နည်းပါးသူများဖြစ်ပါသည်။ ထိုင်း၊ တရုတ်နိုင်ငံတွင် သွားရောက်နေထိုင်ပြီး အလုပ်လုပ်နေပါ သည်။ ရရှိလာသော ပိုက်ဆံကို (၆)လမှာ တစ်ကြိမ်၊ (၁၂)လမှာ တစ်ကြိမ်အိမ်ကို ပေးပို့ကြပါ သည်။ ပိုက်ဆံကို ဟွန်ဒီဖြင့် ပေးပို့ကြပါသည်။ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများရှာဖွေရန် ရွှေ့ပြောင်းသွားလာရခြင်းဖြစ်သည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုသော အိမ်ထောင်စုအရေအတွက်မှာ အသင့်အတင့်ရှိပါသည်။

(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ကုန်စည်ဝန်ဆောင်မှုနှင့် ဈေးကွက်မှာ နမ့်ပေါင်ကျေးရွာတွင် သွားရောက်ဝယ်ယူရပြီး (၅)ရက်တစ်ဈေးဖြစ်ခြင်းကြောင့် အခြားရက်များတွင် အခက်အခဲရှိပါသည်။ မြို့ပေါ် လားရှိုးသို့ သွားရောက်ဝယ်ယူရာတွင် ကား၊ ထော်လာဂျီများမရှိ၍ အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာတွင် နိုင်ငံတော်မှထောက်ပံ့ပေးထားသော အရင်းမပျောက် လည်ပတ်ရန်ပုံငွေ (မြစိမ်းရောင်ကျေးရွာစီမံကိန်း) ရှိပါသည်။ စီမံကိန်းကို ရန်ပုံငွေကြီးကြပ်မှု

ကော်မတီမှဦးဆောင်၍ အတိုးဝ% ၊ အတိုးအရင်းအား တစ်နှစ်တစ်ခါ ပေးဆပ်ရပါသည်။ စိုက်ပျိုးမြေများသည် ပုံစံ(၇)မရှိသဖြင့် အခြားအစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများထံမှ ချေးငွေများမရရှိနိုင်သောကြောင့် ပွဲစားများ၊ သူဌေးများထံမှအတိုးနှုန်းများဖြင့် ချေးယူရပါသည်။

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာတွင် နိုင်ငံတော်မှထောက်ပံ့ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (မြစိမ်းရောင်ကျေးရွာစီမံကိန်း) ရှိပါသည်။ စီမံကိန်းကို ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ အတိုးဝ% ၊ အတိုးအရင်းအား တစ်နှစ်တစ်ခါ ပေးဆပ်ရပါသည်။ စိုက်ပျိုးမြေများသည် ပုံစံ(၇)မရှိသဖြင့် အခြားအစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများထံမှ ချေးငွေများမရရှိနိုင်သောကြောင့် ပွဲစားများ၊ သူဌေးများထံမှ အတိုးနှုန်းများဖြင့် ချေးယူရပါသည်။

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးမှာ ရွာအဝင်ရွာတွင်းလမ်းနှင့်လယ်/ယာသွားလမ်းမှာလည်း မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ရွံ့နွံ့များပေါများခြင်း၊ ချိုင့်ခွက်များဖြစ်ပေါ်ခြင်း၊ ရေများတိုက်စားခြင်းများဖြစ်ပေါ်၍ နှစ်တိုင်းကျေးရွာမှ ပြင်ဆင်ထိန်းသိမ်းရပါသည်။ ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာရှိ လိမ္မော်ခြံ၊ ကမွလာခြံများသို့ သွားရာလမ်းမှာ မိုးရေတိုက်စားခြင်းကြောင့် ယခင်နှစ်က ရေပြွန်ပိုက်လိုင်း တည်ဆောက်ခဲ့ပါသည်။ မိုးရာသီတွင် ယင်းရေပြွန်ခေါင်းသည် မိုးရေတိုက်စားသည့်ဒဏ်ကိုမခံနိုင်ဘဲ ပျက်ဆီးသွားပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဆိုင်ကယ်များကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အဓိကအသုံးပြုကြပြီး ကယ်ရီလုပ်ကိုင်သူများ မရှိပါ။ ထော်လာဂျီများကို ပစ္စည်းများသယ်ယူရာတွင် အသုံးပြုပြီးကားဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။ ကုန်းပေါင်းရွာမှ နမ့်ပေါင်ရွာထိ၊ ကုန်းပေါင်းရွာမှ လားရှိုးထိကို တစ်ဦးလျှင် လိုင်းကားခ ၃၀၀၀ကျပ်ဖြင့် လိုက်ပါစီးနင်းရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ကုန်းပေါင်းကျေးရွာတွင် အဓိကအားဖြင့် ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ ဆိုလာ ပြားများကို ကိုယ်တိုင်ဝယ်ယူအသုံးပြုကြပြီး ဘက်ထရီအိုးများကို ပျက်ဆီးပါက ပြန်လည်ပြင်ဆင်၍သော်လည်းကောင်း၊ ဘက်ထရီအိုးဟောင်းအားရောင်းချ၍ အသစ်ဝယ်ယူ ကာ အသုံးပြုကြပါသည်။ ဆိုလာပြားများ ပျက်ဆီးပါက ပြင်ဆင်ခ အလွန်ဈေးကြီးသောကြောင့် မပြုပြင်တော့ဘဲ စွန့်ပစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ ရေအားလျှပ်စစ်ကို အသုံးပြုကြပါသည်။ အိမ်ထောင်စုအနည်းငယ်မှာ ရေအားလျှပ်စစ်ကို အသုံးပြုကြပြီး ပြင်ဆင်ထိန်းသိမ်းမှုမှာ အတော်အသင့်ကောင်းမွန်ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့ကျေးရွာတွင် ဖုန်းတာဝါတိုင်များမရှိသဖြင့် ဖုန်းလိုင်းများ မကောင်း၍ တစ်ချို့နေရာ၌သာ ဖုန်းလိုင်းရရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသောကြောင့် ရေဒီယို၊ တီဗွီ၊ ဂြုံလ်တု၊ စလောင်းစသည့်တို့ကို ဝယ်ယူသုံးစွဲနိုင်သူ အနည်းငယ်သာရှိပါသည်။ သတင်းအချက်အလက်များ အချိန်နှင့် တစ်ပြေးညီသိရှိနိုင်မှုနည်းပါသည်။

၇။ ပညာရေး

ကျွန်တော်တို့ကုန်းပေါင်းကျေးရွာတွင် ယခင်ကစာသင်ကျောင်းမရှိ၍ ပညာသင်ကြားမှုမရှိသောကြောင့် စာမတတ်သူဦးရေများရခြင်းဖြစ်သည်။ ယခုအချိန်တွင် မူလတန်းအဆင့်ထိ တက်ရောက်သူသာ များပြီး အလယ်တန်းအထက်တန်းများသို့ တက်ရောက်နိုင်သူနည်းပါးပါသည်။ ညီကိုမောင်နှမများခြင်း၊ စီးပွားရေးအခက်အခဲရှိခြင်းကြောင့် ပညာရေးလိုက်စားမှုများ အားနည်းလာရပါသည်။ မြို့ပေါ်တွင် ငွေကြေးအခက်အခဲများခြင်း၊ အသိဆွေမျိုးများ၊ နေစရာအိမ်များ မရှိသောကြောင့် အထက်တန်းအဆင့်နှင့်တက္ကသိုလ်၊ ကောလိပ်အထိတက်ရောက်နိုင်သူ နည်းပါးသည်။

ကုန်းပေါင်းကျေးရွာတွင် မူလတန်းထိသာ တက်ရောက်မှုများပြီး စားဝတ်နေရေး အခက်အခဲ၊ အသိပညာဗဟုသုတမရှိခြင်းကြောင့် အဆင့်မြင့်ပညာ၊ သင်ယူနိုင်မှုအားနည်းကြောင်း တွေ့ရှိပါသည်။ စာသင်ကျောင်းဆောင်မှာ မန်ပန်ပြည်သူ့စစ်မှ ၂၀၀၆ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး ယခုအချိန်တွင် အမိုး၊ နံရံ၊အခင်းများ၊ ထုတ်ယောက်ဒိုင်းမျှားတို့လည်း မကောင်းတော့ပါ။ နှစ်စဉ် ကျေးရွာမှ ပြန်လည်ပြုပြင်လျှက်ရှိသော်လည်း ငွေကြေးအားနည်းမှုကြောင့် စနစ်တကျပြင်ဆင်နိုင်ခြင်းမရှိကြပါ။ ရော်ဘာခြံများတွင် ပြောင်းရွှေ့လာသောသူများကြောင့် ကျောင်းသားဦးရေများပြားလာပြီး ကျောင်းသုံးပရိဘောဂများမှာလည်း မလုံလောက်ပါ။ ဆရာဆရာမများ အိမ်သာသည် ကောင်းမွန်လုံလောက်ပြီး ကျောင်းသားများအတွက် အိမ်သာများသည် တွင်းတက်အိမ်သာများသာဖြစ်ပြီး လုံလောက်မှုလည်း မရှိဖြစ်နေပါသည်။ ကျန်းမာရေးအရ အမြန်ဆုံးတည်ဆောက်

သင့်ပါသည်။ ကျောင်းခြံစည်ရိုးများလည်း ပျက်ဆီးနေပါသည်။ ကျေးရွာသူရွာသားများ စုပေါင်း ၍ နှစ်စဉ်ခြံစည်းရိုးများကို ကျေးရွာတွင် ရရှိနိုင်သော သစ်၊ ဝါးတို့ဖြင့် ကာရံပါသည်။

ကျွန်တော်တို့ကုန်းပေါင်းကျေးရွာတွင် မိဘများသည် ငွေကြေးခက်ခဲသော်လည်းမူလတန်း ပြီးဆုံးအောင် သင်ယူစေခဲ့ပါသည်။ နမ်ပေါင်ကျေးရွာတွင်အလယ်တန်း၊ အထက်တန်းပညာကို ဆက်လက်သင်ယူကြပါသည်။ တချို့မှာစီးပွားရေးအဆင်မပြေခြင်းကြောင့် ကျောင်းဆက်မထား နိုင်တော့ဘဲ မိဘကိုကူညီလုပ်ကိုင်ကြရပါသည်။ နှစ်စဉ်ကျောင်းပြုပြင်ခြင်းလုပ်ငန်းကို ကျောင်း သားတစ်ဦးလျှင် ၄၀၀၀ကျပ် မှ ၅၀၀၀ကျပ်အထိ ကောက်ယူ၍ပြုပြင်ကြရပါသည်။ တစ်နှစ်လျှင် ကျောင်းသားတစ်ဦးလျှင် ဆန်(၂)ပြည်ထည့်ဝင်၍ ဆရာများအား တစ်နှစ်ပတ်လုံးစာထောက်ပံ့ ပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကုန်းပေါင်းကျေးရွာတွင် ရာသီအလိုက်ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားစသည့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။ ကျန်း မာရေးအသိမရှိ၍ အစားမဆင်ခြင်ခြင်းကြောင့် ဆီးချို၊ သွေးတိုးရောဂါများလည်းဖြစ်ပွားလျက် ရှိကြောင်းတွေ့ရပါသည်။ ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် နမ့်ပေါင် ရွာတွင် သွားရောက်ကုသရပါသည်။

နမ့်ပေါင်ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းများမှ ၁လ ၁ကြိမ် ကာကွယ်ဆေးများကို လာ ရောက် ထိုးနှံပေးပါသည်။ ကျေးရွာရှိကလေးများအားလုံး ကာကွယ်ဆေးထိုးနှံကြပါသည်။ ကျန်း မာရေးကုသမှုခံယူရန်အတွက် နမ့်ပေါင်ကျေးရွာသို့ သွားရောက်ကုသပြီး အရေးပေါ်အခြေအနေ များတွင် လားရှိုးမြို့သို့ သွားရောက်ဆေးကုသရပါသည်။

ကျွန်တော်တို့ကုန်းပေါင်းရွာတွင် သောက်သုံးရေကို အဓိကအားဖြင့် ရေတွင်းနှင့် စိမ့်စမ်း ရေကိုသာ အသုံးပြုကြပါသည်။ ရေရရှိမှုအနေဖြင့် ရေတွင်းမှတစ်နှစ်ပတ်လုံး ရေရရှိ၍ စိမ့်စမ်း ရေကို မိုးတွင်း၌သာ အလုံအလောက်ရရှိပါသည်။ ရေတွင်းမှ ရေသည် သယ်ယူရသည့်အချိန် ကြာ ညောင်းခြင်း၊ တောင်ယာမှပြန်ရောက်ချိန် မိုးချုပ်သောကြောင့် စိမ့်စမ်းရေကိုသာ သုံးစွဲမှု များပြား ကြပါသည်။ စိမ့်စမ်းရေကို သွယ်တန်းထားသောရေပိုက်များမှာ နှစ်ကြာသဖြင့် ဆွေးမြေ့ခြင်း၊ ကျွဲ၊ နွားများ နင်းမိခြင်းကြောင့် ရေပိုက်များ ပျက်ဆီးနေပါသည်။ ရေပိုက်ပျက်ဆီး၍ ရေမလာ သည်နှင့် ကျေးရွာသူ/ရွာသားများသည် ချက်ချင်းပျက်ဆီးသည်များကို ရှာဖွေ၍ ပြင်ဆင်ကြပါ သည်။ ငွေကြေးလိုအပ်ပါက ကျေးရွာရန်ပုံငွေများမှ သုံးစွဲကျခံပါသည်။ ရေကို အရည်အသွေး စမ်းသပ်စစ်ဆေးထားရှိမှု မရှိပါ။

ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို သုံးစွဲသည့် အိမ်ထောင်စုများပြီး မသန့်ရှင်းသောယင်လုံအိမ်သာများ သုံးစွဲသည့်အိမ်ထောင်စုများလည်း အနည်းငယ်ရှိနေကြောင်း တွေ့ရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေမြေဆီလွှာသည် ခါတ်မြေဩသုံးစွဲမှုများခြင်း၊ ပေါင်းသတ်ဆေးများသုံးစွဲခြင်း၊ မြေယာများ မီးရှို့သည့်အတွက်ကြောင့် မြေဆီလွှာပျက်စီးမှုများလာသည်။ စိမ့်စမ်းရေရရှိသော ရေထွက်ပတ်ဝန်းကျင်တွင် သစ်တောများကို ထိန်းသိမ်းထားပါသည်။ စွန့်ပစ်ပစ္စည်းများကို ရွာလယ်လမ်းနှင့် ရွာအတွင်းတွင် အမှိုက်များ မပစ်ကြရန် စည်းကမ်းချက်ထုတ်ထားပြီး ကျေးရွာပြင်ပတွင် စွန့်ပစ်ကျလာကာ များလာလျှင် မီးရှို့ဖျက်ဆီးကြပါသည်။

၁၀။ ကျား–မဆိုင်ရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်ခေါင်းဆောင်နိုင်မှု မရှိပါ။ ကျေးရွာအတွင်း ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မှာ မြင့်မားပါ သည်။ သာရေးနာရေးလုပ်ငန်းများတွင် ပါဝင်တက်ကြွမှုများရှိပါသည်။ အမျိုးသမီးငယ်များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု၊ တိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်များ အားနည်းနေကြောင်း တွေ့ရှိရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ ကုန်းပေါင်းကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်များ၊ ရပ်မိရပ်ဖများ ပါဝင်ပူးပေါင်းပြီး၊ လူငယ်များအနားယူအပန်းဖြေရန် နေရာများမရှိသော်လည်း ပျော်ပွဲရွှင်ပွဲများနှင့် ရိုးရာပွဲများ ပြုလုပ်ကြပါသည်။ လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ဓလေ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါသည်။ လူငယ်များ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာနေရာများ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက်များ မရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့နမ့်လုတ်ကျေးရွာတွင် တယ်လီဖုန်းလိုင်းရှိသော်လည်း လိုင်းမကောင်းပါ။။ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း များရှိသော်လည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်

ဆိုင်ရာ ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦများ မရှိပါ။ မြို့နှင့်ဝေးသောကြောင့် အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုမရရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ကျေးရွာတွင်းတွင် ကြိုတင်သတင်များ ဖြန့်ဝေပေးပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကြပါသည်။ မှုခင်းများ၊ ကာကွယ်တားဆီးလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများလည်း မရှိပါ။

ကျေးရွာတွင် ယခင်တုန်းက ပြောင်းခိုးမှုများ အနည်းငယ်ရှိပါသည်။ မူးယစ်ဆေးဝါးများ သုံးစွဲသူများကို နမ့်ပေါင်ပြည်သူ့စစ်နှင့်ပူးပေါင်းပြီး မန်ပန်ပြည်သူ့စစ်မှ အပြစ်ဒဏ်ပေးပါသည်။ အမျိုးသမီး၊ အမျိုးသမီးငယ်များအား အကြမ်းဖက်မှုများမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း	၁	3	3			
၂	တိရစ္ဆာန်နှင့်ပတ်သက်သောပညာပေးသင်တန်း	၅	3	3	3	3	3
၃	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း	၂			3		
၄	စိုက်ပျိုးရေးပညာပေးသင်တန်း	၆	3	3	3	3	3
၅	မူးယစ်ဆေးဝါးပညာပေးသင်တန်း	၇	3	3	3	3	3
၆	ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း	၃			3		
၇	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း	၄				3	
၈							
၉							
၁၀							
၁၂							
၁၃							

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

ပုံစံ (၁) စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ကုန်းပေါင်းကျေးရွာ
ကျေးရွာအုပ်စု	- နမ့်ပေါင်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကုန်းပေါင်းကျေးရွာ၏စာသင်ကျောင်းသည်ကျောင်းခြံစည်းရိုးကာရံထားခြင်းမရှိသဖြင့်ကလေးငယ်များဆရာမများစာသင်ကြားရာတွင်လုံခြုံမှုမရှိခြင်း • လက်ရှိကျောင်းခြံစည်းရိုးသည် ကွဲ၊နွားတိရစ္ဆာန်များဝင်ရောက်ခြင်းကြောင့် ယိုးယွင်း ပျက်စီးနေခြင်း	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ကျောင်းသူကျောင်းသားများဘေးအန္တရာယ်ကင်းကင်းနှင့်စာသင်ယူနိုင်ရန် • ကျောင်းဝင်းအတွင်းဆရာ/ဆရာမလုံခြုံစိတ်ချစွာတာဝန်ထမ်းဆောင်နိုင်စေရန်။	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) • ကျောင်းအုတ်တံတိုင်းကာရံခြင်းဖြင့်ကျောင်းသူ/သားများလုံခြုံစွာပညာသင်ကြားနိုင်ခြင်း • ကျောင်းဝင်ခွင့်ထွက်ခွင့်ကိုစနစ်တကျထိန်းသိမ်းနိုင်မည် • ကျောင်းပိုင်ပစ္စည်းများကိုသေချာမပျောက်ပျက်အောင်ထိန်းသိမ်းထားနိုင်ခြင်း	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း (၅၁၂'×၆'–၆ ")	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • ××××××××× (ငွေသား) • ၂၀၀၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ	ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)

	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၆၁	၁၈၂	၃၄၃	၂၁	၃၂	၁၅	၅	၇၃
အကျိုးခံစားမည့်ဦးရေ	၁၆၁	၁၈၂	၃၄၃	၂၁	၃၂	၁၅	၅	၇၃
မှတ်ချက်။ချောင်လည်အဆင့်-၁၊အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း (များ) ကုန်းပေါင်းကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့်အချိန် (ခန့်မှန်း) **၁.၈.၂၀၁၈**
(၃) စီမံချက်ပြီးစီးမည့်အချိန် **၃၁.၉.၂၀၁၈**
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် ကျေးရွာသူ/ သားများမှအလှည့်ကျလုပ်ငန်းပြီးမြောက်သည်အထိလုပ်အားပေးကြပါမည်။
(၅) **လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ** ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှဦးဆောင်၍ရွာသူရွာသားများနှင့်တကွရေရှည်တည်တံ့ခိုင်မြဲ အောင်ပြုပြင်ထိန်းသိမ်းသွားပါမည်။

ကုန်းပေါင်းကျေးရွာ၊နမ့်ပေါင်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၁)

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုင်းအိုက်တွမ်း	ဦးဆန်လှ	၁၃/လရန(နိုင်)၁၂၉၈၄၃	၄၀	ဥက္ကဋ္ဌ	၀၉-၄၅၃၉၄၂၈၀
၂	ဦးစိုင်းခမ်းလူ	ဦးစိုင်းအိန္ဒာ	၁၃/လရန(နိုင်)၁၄၉၄၂၄	၂၇	အတွင်းရေးမှူး	၀၉-၄၅၇ဖ၄၉၃၄၃
၃	ဦးစိုင်းအိုက်ညွန့်	ဦးဆန်စိမ်း	၁၃/လရန(နိုင်)၁၂ဖ၅၀၃	၃၄	ဘဏ္ဍာရေးမှူး	၀၉-၄၄၃၈၂ဖ၃၉ဖ
၄	ဒေါ်နန်းအေးလူ	ဦးစိုင်းကျော်	၁၃/လရန(နိုင်)၁၉၉၄၈၇	၁၈	စာရင်းကိုင်	၀၉-၄၄၂၉၀၄၂၁
၅	စိုင်းခေးဆိုင်	ဦးဆန်လွန်း	၁၃/လရန(နိုင်)၂၂၈၇၂၃	၂၅	သေ့ကိုင်(၁)	၀၉-၄၂၂၃၀၁၀၅
၆	အိုက်မောင်ထွန်း	ဦးလုံးစံ		၃၁	သေ့ကိုင်(၂)	
၇	ဒေါ်နန်းအေးလူ	ဦးဆာလိန်	၁၃/လရန(နိုင်)၂၀၃၅၁ဖ	၁၉	အဖွဲ့ဝင်	၀၉-၄၄၂၄၁၈၈၅

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၆	၁၀	၂၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀	၁၅	၂၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၅	၁၄	၂၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၈	၁၂၅	၂၃၃
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၆	၂၇
စုစုပေါင်း		၁၆၁	၁၈၂	၃၄၃
စုစုပေါင်း အိမ်ထောင်စု				၇၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ ၁၄နှစ် ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များ

ကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကုန်းပေါင်းကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စုမှာ (၇၃)အိမ် ရှိပါသည်။ မိသားစု(၈၁)စုရှိပြီး လူဦးရေမှာ ကျား(၁၆၁)ယောက်၊ မ(၁၈၂)ယောက်စုစုပေါင်း (၃၄၃)ယောက်ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ နို့စို့အရွယ် ကလေးများ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံမှုရှိပါသည်။ ကျေးရွာရှိ ကလေးများသည် ၄-၅နှစ်အရွယ်တွင် ရွာရှိ မူလတန်းကျောင်းတွင် ကျောင်းပျော်တက်ကြပါသည်။ အသက်(၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကလုပ်ကိုင် စားသောက်ကြပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူလုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင်သူဦးရေနည်းပါးပါသည်။ သက်ကြီးရွယ်အိုများလည်း အလုပ်လုပ်နိုင်သည့် အချိန်အထိ လုပ်ကိုင်စားသောက်ကြပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၀	၁၇၃	၃	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၂	၇	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ပြောင်းကိုအဓိကစိုက်ပျိုးကြပြီး စပါး၊ ပန်းနှမ်း၊ ပဲပုတ်၊လက်ဖက်၊ ကမ္မလာသီး၊ လိမ္မော်သီးများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ လက်လီလက်ကား (၂)ဦး၊ ဆိုင်ကယ်ပြင်(၁)ဦး နှင့် လက်သမား(၁)ဦး၊ ကျန်းမာရေးစေတနာဝန်ထမ်း(၁)ဦးရှိပါသည်။ ကျေးရွာသည် များသော အားဖြင့် အိမ်ထောင်စုတစ်စုနှင့်တစ်စုလုပ်အားဖြင့် ကူညီပံ့ပိုးကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
